# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date - 18/3/2022

**စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု**

**ကချင်ပြည်နယ်**

- မတ်လ ၁၈ ရက်နေ့က ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ရွှေကူမြို့နှင့် ကျောက်ကြီးရွာကြားတွင် စကစတပ်သားအင်အား (၄၀) ဦးပါ မော်တော် (၁) စင်းကို မြို့လုPDFမှ RPGဖြင့် စောင့်ကြို ပစ်ခတ်ခဲ့ပြီး စကစ၏ထိခိုက်ကျဆုံးမှုကို စုံစမ်းနေဆဲဖြစ်ပြီး သဘော်ာဝမ်းထဲ ထိသွားကြောင်း သိရသည်။

**ကရင်နီ(ကယား)ပြည်နယ်**

- မတ်လ ၁၈ ရက်နေ့က ကရင်နီ(ကယား)ပြည်နယ်၊ ဖရူဆိုမြို့နယ်၊ ဖရူဆိုမြို့ KNDF/B-15မှ ဖရူဆို မြို့မ ရဲစခန်းနှင့် ခမရ(၅၃၁)တပ်ကို ဝင်ရောက်တိုက်ခတ်ခဲ့ရာ စကစမှ ၄ဦးကျဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာ တချို့ရရှိခဲ့။ တိုက်ပွဲမှာနာရီဝက်ခန့်ကြာမြင့်ခဲ့ပြီး မိမိတပ်ရင်းဘက်မှ တစ်စုံတစ်ရာ ထိခိုက်မှု မရှိကြောင်း သိရသည်။

**စစ်ကိုင်းတိုင်း**

- မတ်လ ၁၈ ရက်နေ့က စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ ဘုတလင်မြို့ ၂၁ မိုင်ထိပ်တွင် စစ်ဆေးရေး ပြုလုပ်နေသော စကစ တပ်သားနှင့် စကစလက်အောက်ခံ ရဲများကို ဘုတလင်မြို့နယ် ပကဖမှ ဝင်ရောက်ပစ်ခတ်ခဲ့ရာ (၅) ဦး သေဆုံးခဲ့ပြီး (၇) ဦးခန့်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။
- မတ်လ ၁၈ ရက်နေ့၊ နံနက်(၈:၂၀)နာရီ ခန့်က စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ကန့်ဘလူမြို့ ကာဘိုးကျေးရွာနှင့် အိုင်ပေါင်းချောင်ကျေးရွာကြားရှိ စကစစစ်ဆေးရေးဂိတ်အား "Kanbalu Underground Warrieors" မှ ရဲဘော်များအဝေးထိန်းမိုင်းဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစတပ်သား (၇) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**မကွေးတိုင်း**

- မတ်လ ၁၈ ရက်နေ့၊ နေ့လယ်ပိုင်းတွင် မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ပခုက္ကူမြို့ဘက်မှ တက်လာသည့် စကစ ရိက္ခာယာဉ်တန်းရှည်အား အကြိုလာသော ရှေ့ပြေးကား ၃ စီးကို ကျောက်ထု-ပခုက္ကူလမ်းပိုင်း တစ်နေရာ၌ ကျောက်ထု PDF မှမိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစ တပ်သား ၈ ဦး သေဆုံးခဲ့ ၊ ကား၂စီး ထိခိုက်ပြီး ၁စီးမှာ ကားဖြင့်ဆွဲသွားရသည်အထိပျက်စီးသွားကြောင်း သိရသည်။
- မတ်လ ၁၈ ရက်နေ့၊ ညနေပိုင်းတွင် မကွေးတိုင်း၊ မြိုင်မြို့နယ်၊ မြိုင်မြို့၊ ဖလံကိုင်းရေနံမြေရှိ စကစ တပ်စခန်းကို မြိုင် PDF မှ ကိုယ်တိုင်ထုတ်လုပ်ထားသည့် ၄၀ မမ ဖြင့် စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း သိရှိရသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

**<u>ရှမ်းပြည်နယ်</u>**

- မတ်လ ၁၇ရက်၊ သတင်းအမှတ် (၉) ၏ နောက်ဆက်တွဲ ၂၀၂၂ မတ်လ ၁၆ရက်၊ ရှမ်းပြည်နယ်-ကရင်နီ(ကယားပြည်နယ်)အစပ်၊ ဖယ်ခုံမြို့နယ်၊ ဆောင်ကန်းကျေးရွာ၊ လယ်ထွန်ကျေးရွာ၊ ပီကင်းကောခူ ကျေးရွာများသို့ မိုးဗြဲဘက်မှ စကစတပ်သား အင်အား ၂၀၀ ခန့်ဖြင့် စစ်ကြောင်းထိုးလာသော စကစတပ်ကို KA၊ KNDFနှင့် PDFပူးပေါင်းတပ်ဖွဲ့များမှ ဝိုင်းဝန်းတိုက်ခိုက်ခဲ့ရာ စကစဘက်မှ အရာရှိများ အပါအဝင် ၁၅ ဦးသေဆုံးခဲ့ပြီး တပ်မ ၆၆ မှ စစ်ဝတ်စုံများ၊ သေနတ်များ၊ ကျည်ဘောက်များ၊ ၄၀ မမ ကျည်များ၊ ၆၀ မမ ကျည်များ၊ လက်နက်ငယ်ကျည်ဆံများ၊ ခြင်းကျားများ အပါအဝင် စစ်အသုံး အဆောင်များ သိမ်းဆည်းရမိကြောင်း သိရသည်။

- မတ်လ ၁၆ ရက် ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်၊ နောင်ချိုမြို့ရှိ ခမရ ၁၁၅ တပ်ရင်း အဝင်ဂိတ်ကို PDF များကဝင်ရောက်ပစ်ခတ်ခဲ့ရာ ဂိတ်စောင့် တပ်သား ၁ ဦးသေဆုံးပြီး ၁ ဦး ဒဏ်ရာရရှိ၊ အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သော်လည်း PDF များ အထိအခိုက်မရှိ ပြန်လည်ဆုတ်ခွာနိုင်ခဲ့ကြောင်း သိရသည်။

## စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

**<u>ကချင်ပြည်နယ်</u>**

- မတ်လ ၁၇ ရက်နေ့၊ ည(၈:၀၀)နာရီ အချိန်၌ ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ ပူတာအိုမြို့ရှိ လေယာဉ်ကွင်းရပ်ကွက် လမ်းဆုံနေရာတွင် စကစလက်အောက်ခံ ရဲများမှ ဆိုင်ကယ်မောင်းလာသော လူငယ် (၂) ဦးကို သေနတ်ဖြင့်လိုက်လံပစ်ခတ်ခဲ့ကြောင်း သိရသည်။

**<u>ကရင်ပြည်နယ်</u>**

- မတ်လ ၁၈ရက်နေ့က ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြဝတီမြို့တောင်ဘက်ရှိ လေးကေ့ကော်မြို့သစ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲကြောင့် မြို့သစ်ရပ်ကွက်များတွင် နေထိုင်သူများ ထွက်ပြေးတိမ်းရှောင်နေရစဉ် လူမနေသော နေအိမ်များအား ဖောက်ထွင်းဝင်ရန် စစ်ကောင်စီတပ်က နယ်ခံအရပ်သားတချို့ကို စေခိုင်းနေကြောင်း တာဝန်ရှိသူများထံမှသိရသည်။

**<u>စစ်ကိုင်းတိုင်း</u>**

- မတ်လ ၁၈ ရက်နေ့၊ နေ့လယ်ပိုင်းတွင် စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်၊ ပေါင်းနက်ကျေးရွာရှိ ပြည်သူ (၇) ဦးအား စကစ တပ်သားများမှ ဖမ်းဆီးထားကြောင်း သိရသည်။
- မတ်လ ၁၇ ရက်နေ့ ညပိုင်းတွင် စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ တောကုန်းကျေးရွာကို စကစတပ်သားများ ဝင်ရောက်ပြီး ကျေးရွာထဲမှ နေအိမ် (၈၀) ခန့်အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။
- မတ်လ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ မရကန်ကျေးရွာကို စကစတပ်သား ၊ ပျူစောထီး (၁၀၀) ခန့် ဝင်ရောက်ပြီး နေအိမ် (၄) လုံးခန့်နှင့် ကောက်ရိုးပုံများကို မီးရှို့ခဲ့ပြီး အသက် (၈၀) အရွယ် အဘိုးတစ်ဦး မီးလောင်သေဆုံးခဲ့ကြောင်း သိရသည်။

*<u>မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။</u>*

**<u>ပဲခူးတိုင်း</u>**

- မတ်လ ၁၇ရက်၌ ပဲခူးတိုင်း၊ ပြည်မြို့နယ် အဝေးပြေးကားကြီးဝန်းအတွင်း ဘုန်းမြတ်ပိုင် ကားဂိတ်မှ အလုပ်သမား ၁ဦးနှင့် အောင်ဇေယျကား ဂိတ်မှူးတို့ကို ပါဆယ်ထုပ်အတွင်း sniper သုံး မှန်ပြောင်းတွေ့၍ စကစ မှဖမ်းဆီးသွားကြောင်း သိရသည်။
- မတ်လ ၁၆ ရက်တွင် ပဲခူးတိုင်း၊ သာဂရမြို့နယ်၊ ငါးခုံးမချောင်းရပ်ကွက်တွင် နဂျပ်ကျေးရွာမှ စစ်ဘေးရှောင်လာသော အငြိမ်းစား ကျောင်းဆရာ ဦးကျော်ဝင်းကို စကစမှ ဖမ်းဆီးခဲ့ပြီး ရေနီ လေ့ကျင့်ရေးတပ်သို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။
- မတ်လ ၁၇ ရက်နေ့ ပဲခူးတိုင်း၊ သဲကုန်းမြို့နယ် ၊ အင်းမမြို့၊ ကြံတိုင်းအောင်ရပ်ကွက် နှင့် ရေပြာ ရပ်ကွက် တို့တွင် မီတာခ ကြွေးကျန်သော နေအိမ်များကို လျှပ်စစ်ရုံးဝန်ထမ်း၊ အုပ်ချုပ်ရေးမှူးများနှင့် စကစတပ်သား ရဲများမှ မီတာပုံးများ လိုက်လံဖြုတ်နေကြောင်း သိရသည်။